# LESSON 3

## THE NAMING CEREMONY

The King Suddhodana had and old teacher. As the teacher was very wise, he was known as a Sage. His real name was Kala Devala but people usually call him Asita the Sage. Asita lived in the jungle. He had heard that the King then had a son; he was very happy because this was the first time as child was born to the King.

The next day, he went to see the King's son. The King was very happy to see his wise old teacher again. In the palace, after the Sage was seated, the King brought the Prince before the Sage and said "Teacher, my son was born only yesterday. Here hi is. Please see if his future will be good."

As the King said this, he lowered the infant Prince before the Sage so that he might examine him properly. However, the baby turned his feet on to the Sage's head. Thus surprised. Asita took hold of the baby's feed and examined them very carefully. He saw some marks on the Prince's feet. Then he got up and said, "This Prince will become a very great Teacher in this world." The Sage was very pleased and putting his palms together, paid due respect to the baby Prince. The King seeing this, also did the same. This was the first salutation of the King.

Everyone was happy and pleased to know of the Sage's prediction.

On the fifth day, the King invited five wise men to witness the Naming Ceremony and to suggest a good name for the Prince. The wise men examined the birth marks of the Prince wants to rule. If he chooses a religious life then he will become the Wisest - - the Buddha."

The youngest of the five wise men call Kondanna said "This Prince will be the Buddha and nothing else."

Then the wise men give him the name SIDDHARTHA meaning "wish-fulfilled"



## သင်ခန်းစာ (၃)
## နာမည် ပေးခြင်း မင်္ဂလာ

ဘုရင် သုဒ္ဓေါဒနမှာ ဆရာရင်း တစ်ယောက်ရှိခဲ့တယ်။ ယင်းဆရာသည် အလွန်ပညာရှိပြီးတော့ သူကို ပညာရှိကြီးလို့ လူသိများတယ်။ သူ၏နာမည်ရင်းမှာ ကာလဒေဝလ ဖြစ်သော်လဲ လူများကတော့ သူ့ကို အသိတ ပညာရှိဟု ခေါ်လေ့ရှိကြတယ်။ အသိတသည် တောအရပ်၌ နေထိုင်ခဲ့တယ်။ ဘုရင်ကြီးများ သားတယောက်ရရှိပြီလို့ အသိတကြားခဲ့ပြီးဖြစ်၏။ ယခုမွေးဖွားသော သားသည် ဘုရင်ကြီးအဖို့ သားဦးရတနာဖြစ်သောကြောင့် အသိတသည် အလွန်ပျော်ရွှင်ခဲ့၏။

နောက်ရက်တွင် အသိတသည် ဘုရင်ကြီး၏သားကို ကြည့်ဖို့ရန်သွားခဲ့တယ်။ ဘုရင်ကြီးသည် သူ၏ ဆရာရင်းကို တဖန် ပြန်တွေ့ရသဖြင့် အလွန် ပျော်ရွှင်ခဲ့တယ်။ နန်းတွင်းထဲမှာ ပညာရှိကြီး အသိတနေရာ ယူပြီးနောက် ဘုရင်ကြီးသည် သူ၏သားလေးကို သယ်ဆောင်လာပြီး ဆရာ အသိတ ကျွန်ုပ်၏ သားလေး မနေ့ကဘဲ ဖွားမြင်ခဲ့ပါတယ်။ ဒီမှာကြည့်ပါအုံး? သားလေးရှေးရေး ကောင်းနိုးကောင်းရာတွေကို ကျေးဇူး ပြုပြီး ကြည့်ပေးပါအုံး။

ဘုရင်ကြီးသည် ထိုကဲ့သို့ပြောပြီးနောက် မင်းသားလေးရှေးရေးကို သေချာစွာ စစ်ဆေး ပြောပြ နိုင်ရန်အတွက် ဆရာရင်း ပညာရှိ အသိတရှေ့သို့ နှိမ့်ပြလိုက်သော်လဲ မင်းသားလေးသည် သူ၏ခြေ ထောက် အစုံကို အသိတ၏ ခေါင်းပေါ်သို့ လှည့်လိုက်တယ်။ ထို့ကြောင့် အလွန် အံ့အားသင့် သွားခဲ့ကြတယ်။ ပညာရှိကြီး အသိတသည် မင်းသားလေး၏ ခြေဖဝါးကိုကိုင်ကြည့်ပြီးတော့ ယင်းတို့ကို သေသေ ချာချာ စစ်ဆေးကြည့်လိုက်တယ်။ သူသည် မင်းသားလေးခြေဖဝါးပေါ်တွင် အချို့အမှတ်အသားများကို တွေ့မြင်ခဲ့ရတယ်။ ပြီးတာနဲ့ ထရပ်ပြီးပြောပြတယ်။ ဒီမင်းသား

လေးဟာ ဒီကမ္ဘာလောကကြီးရဲ့ အလွန် ကြီးမြတ်သော ဆရာတစ်ဆူ ဖြစ်လာလိမ့်မယ်။ ပညာရှိကြီးဟာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး တော့ မင်းသားလေးရဲ့ လက်ဖဝါးတွေကို ဖြန့်ကြည့်လိုက်ကာ မင်းသားလေးကို အလေးဂရုပြုသင့် ကြောင်းကို ပြောလိုက်ပါတယ်။ ဘုရင်ကြီးဟာလဲ အလားတူ ကြည့်ရှုလိုက်ပြီး ဒါဟာ ဘုရင်ကြီး၏ ရှေးဦးစွာ ဂါရဝပြုခြင်းဘဲဖြစ်ခဲ့ပါတယ်။

လူတိုင်းဟာ ပျော်ရွှင် ဝမ်းမြောက်ကြပြီးတော့ ပညာရှိကြီး၏ ကြိုတင်ဟောပြောချက်ကို သိရလို့ ကျေးဇူးတင်နေကြပါတယ်။

ငါးရက်မြောက်နေ့မှာတော့ ဘုရင်ကြီးသည် နာမည်ပေးခြင်း မင်္ဂလာပြုလုပ်ဖို့ရန် ပညာရှိကြီး ငါးယောက်ကို ဖိတ်ကြားခဲ့ပြီးတော့ မင်းသားလေးအတွက် ကောင်းမွန်သော နာမည်တစ်ခု ရွေးခြယ်ပေး ဖို့ရန် တောင်းဆိုခဲ့ပါတယ်။ ပညာရှိကြီးငါးယောက်တို့ဟာ မင်းသားလေး၏ မွေးသက္ကရာဇ်တို့ကို ကြည့်ရှု စစ်ဆေးပြီးနောက် မင်းသားလေးဟာ တိုင်းပြည်အုပ်ချုပ် ရှင်ဘုရင်လုပ်ခဲ့မယ်ဆိုလျှင် မင်းအပေါင်း ဦးခိုက်ရသည့် ရှင်ဘုရင် တစ်ပါးဖြစ်လာပါလိမ့်မယ်။ ဘာသာရေးဘဝကို ရွေးခြယ်ခဲ့မယ်ဆိုရင်လဲ သုံးလောက ထွန်းထား ရှင်တော်မြတ်ဘုရားဖြစ်လာပါလိမ့်မယ်လို့ သုံးသပ်ပြောဆိုခဲ့ကြပါတယ်။

ပညာရှိငါးယောက်ထဲမှ အငယ်ဆုံး ပညာရှိဖြစ်သော ကောဏ္ဍညကတော့ မင်းသားလေးသည် ဘုရားဧကန် စင်စစ် ဖြစ်လိမ့်မည်ဟု ဟောကြားခဲ့ပါတယ်။

အဲဒီနောက် ပညာရှိငါးယောက်တို့သည် မင်းသားလေးကို အလိုဆန္ဒအားလုံးကို ပြည့်စုံစေတတ် သည့် သိဒ္ဓတ္ထဟု အမည်ပေးခဲ့ကြပါတယ်။



# LESSON 4

# HIS EDUCATION

On the seventh day, Prince Siddhartha's mother died. The king had another queen called Prajapati Gotami. She was the younger sister of Queen Maha Maya. She had given birth to a som on the same day the Queen Maha Maya died. Then Prajapati Gotami gave her own son to a nurse and brought up Prince Siddhartha as her own son. She loved him very much. Prince Siddhartha could not remember his own mother.

When Prince Siddhartha was only a few years old, King Suddhodana sent him to school. There were many children in his class. All of them were from noble families. His teacher was called Sarva Mitra.

He learnt languages reading, writing, mathematics, history geography, science and many games like boxing, archery, wrestling and many others. He learnt all these subjects faster than any other pupil in his class. He was the cleverest in the class, the best in games and the best in everything. He gained distinction in every subject and became cleverer than his teachers. He was the wisest and the only one who asked many questions from his teachers and elders. He was the strongest, the tallest and the most handsome boy in the class. He was never lazy, never misbehaved and never disobedient to the teachers. He loved everybody and everybody loved him. He was a friend of all: kind even to animals and never harmed them.



## သင်ခန်းစာ (၄)
## မင်းသားလေး၏ ပညာရေး

မွေးဖွားပြီး (၇) ရက်အကြာမှာတော့ မင်းသားလေး သိဒ္ဓတ္ထရဲ့ မယ်တော်ဟာ နတ်ရွာစံသွားခဲ့ပါတယ်။ ဘုရင်ကြီးမှာ ပဇာပတိ ဂေါတမီ အမည်ရှိတဲ့ မိဖုရားတစ်ပါးရှိခဲ့ပါတယ်။ သူမသည် မိဖုရားကြီး မဟာမာယာ၏ ညီမအရင်းဖြစ်ခဲ့ပါတယ်။ ဘုရင်မကြီး မဟာမာယာ နတ်ရွာစံ ကွယ်လွန်တဲ့နေ့မှာဘဲ ပဇာပတိ ဂေါတမီမှာ သားကလေးတစ်ယောက် ဖွားမြင်ခဲ့ပါတယ်။ သားကလေးမွေးဖွားပြီးနောက် ပဇာပတိ ဂေါတမီသည် သူ၏သားအရင်းကို အထိမ်းတော်များထံပေးအပ်ပြီး မင်းသားလေး သိဒ္ဓတ္ထကို သားအရင်းပမာ စောင့်ရှောက်လာခဲ့ပါတယ်။ သူမသည် သိဒ္ဓတ္ထမင်းသားလေးကို အရမ်းချစ်ခဲ့ပါတယ်။ မင်းသားလေး သိဒ္ဓတ္ထသည် သူ၏မိခင်အရင်းကို မမှတ်မိနိုင်ခဲ့ပါ။

မင်းသားလေး သိဒ္ဓတ္ထလေးအရွယ်အတော်ရောက်လာတဲ့ အခါမှာတော့ ဘုရင်းကြီးသုဒ္ဓေါဒနဟာ မင်းသားလေးကို ပညာသင်ကြားရန် ကျောင်းသို့ပို့ခဲ့ပါတယ်။ သူအတန်းထဲမှာ ကလေးများ အတော်များ များရှိခဲ့ပါတယ်။ ကလေးများအားလုံးဟာ မြင့်မြတ်တဲ့ မိသားစုမျိုးနွယ်တွေထဲက ဖြစ်ကြပါတယ်။ သူ၏ ဆရာနာမည်သည် ဆွာမိတ္တဖြစ်ခဲ့ပါတယ်။

မင်းသားလေး သိဒ္ဓတ္ထသည် ဘာသာစကားများ၊ စာဖတ်ခြင်းအတတ်၊ စာရေးသားခြင်းအတတ်၊ သင်္ချာ၊ သမိုင်း၊ ပထဝီ၊ သိပ္ပံဘာသာရပ်များနှင့်အခြား တတ်သင့် တတ်ထိုက်သော လက်တွေ့ထိုးခြင်း အတတ်ပညာ၊ လေးများအတတ်ပညာ၊ နပမ်းအတတ်ပညာနှင်တကွ တတ်သင့်သော အခြားပညာရပ် များကို လေ့လာသင်ယူခဲ့ပါတယ်။ မင်းသားလေးသည် ဤအတတ်ပညာများကို အတန်းထဲရှိ အခြားကလေးများ ထက် ပိုမိုလျှင်မြန်စွာ လေ့လာသင်ယူနိုင်ခဲ့ပါတယ်။ မင်းသားလေးသည် အတန်းထဲတွင် အလွန် လိမ္မာပါးနပ်ပြီး ကစားခြင်းအတတ်ပညာများနှင့်တကွ ပညာရပ်အားလုံးတို့တွင် အတော်ဆုံးဖြစ်ခဲ့ပါတယ်။ မင်းသားလေးသည် ဘာသာရပ်အားလုံးမှာ ဂုဏ်ထူးရရှိခဲ့ပြီး သူ၏ဆရာများ ထက် ပိုမို ပါးနပ် လိမ္မာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်လာပါတယ်။ မင်းသားလေးသည် ပညာအရှိဆုံး တစ်ယောက်ဖြစ်ခဲ့ပြီး ဆရာများနှင့်လူကြီးသူမတို့မှ မေးခွန်းပေါင်းများစွာကို အမေးခံခဲ့ရသူတစ်ယောက်တည်းဖြစ်ခဲ့ပါတယ်။ မင်းသားလေးသည် အတန်းထဲတွင် အလွန်သန်မာ ထွားကျိုင်းပြီး အရုပ်အမောင်းကောင်းလျက် ရုပ်ရည်အဆင်း လှပသူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ မင်းသားလေးသည် ဘယ်သောအခါမှ ပျင်းရိခြင်းမရှိ၊ မှားယွင်း ချွတ်ချော် မတော်မလျော် ပြုမူဆောင်ရွက်ခြင်းမရှိဘဲ ဆရာများ၏ အမိန့် စည်းမျဉ်းများကို ဘယ်သောအခါမှ ဖောက်ဖျက် မကျူးလွန်ခဲ့ပါ။ မင်းသားလေးက သူများတကာကို ချစ်ခင်သလို အများတကာမှလဲ မင်းသားလေးကို ချစ်ခင်နှစ်သက်ခဲ့ကြပါတယ်။ မင်းသားလေးသည် အားလုံးနှင့်မိတ်ဆွေများဖြစ်ခဲ့ကြပြီး တိရစ္ဆာန်ကလေးများအပေါ်မှာလဲ သနားကြင် နာခဲ့ပြီး တိရစ္ဆာန်ကလေးများကို ဘယ်သောအခါမှ နာကျင်အောင်မပြုလုပ်ခဲ့ပါ။

